

သည်းထိတ်ရင်ဖို ဂမ္ဘီရဆန်းကြယ် လုံးချင်းဝတ္ထုသစ်
နွေတမာဋ်
သည်းခြေပျက်တဲ့ လ
ဆုပြည့်စုံထွန်းစာပေ

# ဘဝသစ်အဖွင့်

နင်ဟာ ...

နောက်တစ်ဘဝ ပြောင်းတဲ့အထိ ငါ့

အပေါ်မှာ အနိုင်ယူချင်တုံးပါလားအနှစ်၊

တကယ်တော့ ငါဟာ အရင်ဘဝက

တည်းက နင့်ကို အရှုံးပေးခဲ့ပြီးသားပါ

ဟာ၊ နင်ကသာ နိုင်သူပါ။

ကိုထွေးရဲ့ အချစ်ကို ပိုင်ဆိုင်ခွင့်ရခဲ့

တာက နင်ပါ။

ငါဟာ .. ဘဝတစ်ခုလုံးကိုသာမက

အချစ်ရေးမှာပါ ရှုံးနိမ့်ခဲ့ရတယ်၊ ရှုံးနေ

သူကိုမှ ဘဝပြောင်းပြီး လူဝင်စားဖြစ်

တဲ့အထိ နင်ငါ့ကို အနိုင်ယူချင်တာ ငါ

စဉ်းစားလို့မရဘူး။

အနှစ်... နင်ဟာ ငါ့ကိုနှိပ်စက်ချင်

လို့များ လူ့ဘဝကို ပြန်လာခဲ့တာလား

ဟင်...

**မြစိမ်းခ**

*

နင့်ကို ငါမကြေဘူး ခ၊ ငါ့အချစ်ကို

လုယူသွားတဲ့နင့်ကို ငါမကြေဘူး၊

ဟိုဘဝတုန်းက ငါသေခဲ့ရတာ လည်း

ကိုထွေးရဲ့အချစ်ကို ငါ့ဆီက လုယူသွား

လို့ ရင်ကွဲနာကျပြီး ငါသေရတာ ၊

ငါ.. လူပြန်ဖြစ်လာတာဟာ နင့်ကို

လက်စားချေဖို့ဟဲ့၊ သိရဲ့လား...

နင့်လက်ထဲက ကိုထွေးကို ပြန်လုယူ

ဖို့ ငါပြန်လာပြီ၊

နင် ကိုထွေးကို မရစေရဘူး ခ၊

ကိုထွေးဟာ ငါ့အတွက်ပဲ ဖြစ်စေရ

မယ်။ အရင်ဘဝကအပြာဟာ ကိုထွေး

ကို လက်လွှတ်ခဲ့ရပေမယ့်.. ခုဘဝမှာ

လက်လွှတ်မခံနိုင်တော့ဘူး။

ကိုထွေးဟာ ငါ့အတွက်ပဲဖြစ်ရမယ်

**မိုးပြာနှစ်**

*

မိုးပြာနှစ်ဟာ အပြာဝင်စားတဲ့ မိန်း

ကလေးဆိုတာ ကျွန်တော် ယုံပါတယ်၊

အနှစ်ဟာ အရင်ဘဝက အပြာဆိုတာ

သံသယဖြစ်စရာ မလိုပါဘူး။

ဒါပေမယ့်ဗျာ.. ကျွန်တော်ချစ်ခဲ့တာ

က သေသွာတဲ့မိုးပြာလွင်ပါ၊ ကျွန်တော့်

အချစ်ဟာလည်း မိုးပြာလွင်နဲ့အတူ ပါ

သွားခဲ့ပါပြီ။

အနှစ်ဟာ အပြာဝင်စားတဲ့လူဝင်စား

မလေးဖြစ်တာနဲ့ ကျွန်တော် သူ့ကိုချစ်

ရတော့မှာလား...

တကယ်တော့ အနှစ်ဆိုတာ လူအ

သစ်တစ်ယောက်၊ ဘဝအသစ်နဲ့ လူ့

လောကကို ရောက်လာတဲ့ လူအသစ်

တစ်ယောက်ပါ။

ကျွန်တော် သူ့ကိုမချစ်ဖူး၊

ကျွန်တော့်အချစ်ဟာ.. သေသွားတဲ့

အပြာနဲ့အတူပါသွားခဲ့ပါပြီ၊ ကျွန်တော့်

အချစ်တွေနိဂုံးချုပ်ခဲ့တာကြာပါပြီဗျာ..

*

ဘဝ'၂'နိဒါန်း(၁၉၉ဝပြည့်နှစ်)

မိုးပြာနှစ် ဆိုသည့် မိန်းကလေးကို လူဝင်စားရယ်လို့ သတိပြုမိလာခြင်းမှာ ထိုမိန်းကလေး စကားပြောတတ်ခါစ အရွယ် အသက်တစ်နှစ်ကျော်လောက်တွင် ဖြစ်ပါသည်။

အမှန်တော့ သူမအမည် မိုးပြာနှစ်ဟု ဖြစ်လာရခြင်းကပင် ယခင်ဘဝက မိုးပြာလွင် ဆိုသူလေးဝင်စားခဲ့၍ မိုးပြာ နံပါတ်နှစ် ဆိုသည့် အဓိပ္ပါယ်ဖြင့် ထိုအမည်ကို မှည့်ပေးခဲ့ခြင်းဖြစ်ပါသည်။

မြစိမ်းခ သည် အချစ်ဆုံးသူငယ်ချင်းဖြစ်သူကို တူမလေးတစ်ယောက်အဖြစ် ပြန်လည်ရရှိလိုက်သည့်အတွက် ဝမ်းသာ မိသည်။ သူငယ်ချင်း အပြာ လူဝင်စားအဖြစ် မွေးဖွားလာသည် မှာ မြစိမ်းခ၏ အစ်မဆီတွင်ဖြစ်ပါသည်။ မြစိမ်းခ၏ အစ်မ မြသွေးခင် မွေးသည့်ကလေးအဖြစ် အပြာသည် ပြန်လည်ဝင်စားလာခြင်းဖြစ်လေ၏ ။

အပြာ့ကိုပြန်လည်ရရှိပြီဆိုတဲ့အကြောင်းကို ကိုထွေးသိအောင် ပြောပြချင်လှပါ၏ ။ ကိုထွေးရေ နင်ချစ်တဲ့အပြာ တစ်ယောက် လူပြန်ဖြစ်နေပြီ၊ လူ့လောကပြန်ရောက်နေပြီဆိုတာ နင်သိစေချင်လိုက်တာဟယ်။ ခုတော့ မြစိမ်းခသိစေချင် လှသည့် ကိုထွေးသည်လည်း တစ်နိုင်ငံ ပင်လယ်ခြားမှာ ရောက်ရှိနေပြန်သည်။

မိုးပြာလွင်ဆိုသည့် အပြာ မသေခင်အချိန်၊ သက်နောင်ထွေးဆိုသည့် ကိုထွေး နိုင်ငံခြားကိုထွက်မသွားခင်အချိန် ကအပြာရယ်၊ ကိုထွေးရယ်၊ မြစိမ်းခရယ်ဆိုတာ အချစ်ဆုံးသူ ငယ်ချင်းတွေဖြစ်ခဲ့ကြပါသည်။ တစ်ယောက်နှင့်တစ်ယောက် စိတ်သဘောထား၊ ဝေလေ့စရိုက်၊ ဗီဇ၊ အရည်အသွေးချင်းမတူကြပါပဲနှင့် အချစ်ဆုံးသူငယ်ချင်းတွေဖြစ်ခဲ့ကြသည်။

ခြားနားချက်တွေဘယ်လိုရှိရှိ ခင်မင်ရင်းနှီးခဲ့ကြသည်ဆိုရာ၌ လည်း

ငယ်ဘဝကတည်းက တွေ့ဆုံခဲ့ကြခြင်းကြောင့်ဖြစ် ပါသည်။ ဖြူစင်သော ကလေးဘဝအရွယ်ကတည်းက တွေ့ခဲ့ကြတဲ့သူငယ်ချင်းများမို့ ခင်မင်လွယ်ခဲ့ကြသည်။ သံယောဇဉ် တွယ်ခဲ့ကြသည်။

ကိုထွေးနှင့်အပြာဆိုလျှင် ချစ်သူများပင်ဖြစ်သွားခဲ့ကြပါသည်။

အပြာရုတ်တရက်ကွယ်လွန်သွား၍ သာ အပြာ အပြာသေတာဟာ ငါ့ပယောဂများပါသလား၊ အို မဟုတ်ဖူး၊ မဟုတ်ဖူး၊ အပြာ့ကိုငါချစ်ပါတယ်၊ အပြာဟာ ငါ့အချစ်ဆုံးသူငယ်ချင်းပါ။ နင်ဆိုင်ကယ်မှောက်တာ ခ,ကြောင့်မဟုတ်ပါဘူးနော်အပြာ၊ ခ,ပယောဂမပါပါဘူးနော်နင်သေသွားတဲ့အတွက် ခ,သိပ်ပြီးဝမ်းနည်းခဲ့ရပါတယ်အပြာ ရယ်၊ နင့်အတွက် ခ, မျက်ရည်ကျခဲ့ရပါတယ်ဟယ် အေးလေ ဘာပဲဖြစ်ဖြစ် အခု နင် ခ,တို့အသိုင်းအဝိုင်းထဲ ရောက်လာပြီ၊ နင့်ကို အရင်ဘဝကအတွက်အတိုးချပြီး ချစ်ပါ့မယ်၊ အလိုလိုက်ပါ့မယ်အပြာရယ်

*